ဤအဘိဓာန်သည် ဗုဒ္ဓဖြစ်တော်စဉ် ငါးရာ့ငါးဆယ်ဇာတ်တော်များတွင် ပါရှိသည့် အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်များ၊ သိသင့် သိထိုက်သော အမည်များ၊ စကားများ၊ အသုံးအနှုန်းများနှင့် အချက်အလက်များကို တည်ပုဒ်ပြုထားပြီး တည်ပုဒ်တစ်ခုချင်းအလိုက် ဖွင့်ဆိုရှင်းပြထားသည့် ဇာတက အခြေခံ အဘိဓာန် ဖြစ်ပါသည်။

ထိုသို့ဖော်ပြရာတွင် ဇာတကဋ္ဌကထာပါ ပါဠိအမည်များ၊ ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ၊ မင်းဘူးဆရာတော်နှင့် အခြားဆရာတော်နှစ်ပါးတို့၏ ဇာတ်တော်ကြီးဆယ်ဘွဲ့များတွင် မြန်မာမှုပြုထားသည့် အမည်များ၊ မြန်မာပြန်ကျမ်းများတွင်ပါဝင်သည့် စကားများ၊ အသုံးအနှုန်းများနှင့် အချက်အလက်များကို ရွေးချယ် တည်ပုဒ်ပြုထားပါသည်။

အဘိဓာန်တည်ပုဒ်များကို အဓိပ္ပာယ်ဖွင့်ဆို ဖော်ပြရာတွင် တည်ပုဒ်၊ တည်ပုဒ်၏ အကြောင်းအရာ၊ ထိုအကြောင်းအရာကို ဖြစ်ပေါ်စေသော အကြောင်းတရားတို့ကို ဦးစွာဖော်ပြထားပြီး ပစ္စုပ္ပန်ဝတ္ထုကြောင်း၊ ထိုဝတ္ထုကြောင်းနှင့် ဆက်စပ်နေသော အတိတ်ဆောင်သောဝတ္ထု စသည်တို့ဖြင့် အကျယ် ဖော်ညွှန်းပေးထားသည်။ ထို့ပြင် တည်ပုဒ်တစ်ခုချင်းနှင့်ပတ်သက်သော အသွားတူ ဇာတ်တော်များကိုလည်း ရှိပါက တစ်ခုချင်း ညွှန်းဆိုထားပေးသည်။

ထို့ပြင် ဇာတ်တော်တို့တွင် ဘုရားလောင်း၏ ဘဝ၊ ဇာတ်နှင့်ပါရမီ၊ ဇာတ်အခြေခံ မြန်မာစကားပုံများ၊ ဇာတ်အခြေခံ မြန်မာဆိုရိုးများ၊ ဒေဝဒတ်ပါဝင်သည့် ဇာတ်များ၊ ဒေသအလိုက် ဇာတ်များ၊ ဗာရာဏသီမှာ အခြားမင်းများ၊ မင်းဖြုပ္ပဒတ်၊ ရာဟုလာ ပါဝင်သည့်ဇာတ်များ၊ လူနှင့် အခြားသက်ရှိများ စကားပြောသည့်ဇာတ်များ၊ အာနန္ဒာပါဝင်သည့် ဇာတ်များ စသည်တို့ကို နောက်ဆက်တွဲများဖြင့် ဖော်ပြထားသည်။

မြန်မာစာဖတ်သူများ သိနိုင်ရန် မြန်မာ့အစဉ်အလာ အလျား၊ အချိန်၊ ချင်ဝန်၊ ချိန်ဝန် အတိုင်းအတာများကို ဆိုင်ရာများကို သက်ဆိုင်ရာတည်ပုဒ်များ၌ ဖြည့်စွက် ဖော်ပြထားပါသည်။

# မာတိကာ


| | |
|---|---|
| ဒေါက်တာမြင့်ကြည်၏ အမှာစာ | ၇ |
| စာရေးသူ၏ အမှာစာ | ၉ |
| အတိုမှတ် | ၁၀ |
| ၂။ ငါးရာ့ငါးဆယ်ဇာတ် အဘိဓာန် | ၁၁-၅၇၅ |
| ၃။ နောက်ဆက်တွဲများ | |
| (၁) ဇာတ်တော်တို့တွင် ဘုရားလောင်း၏ ဘဝ | ၅၇၇ |
| (၂) ဇာတ်နှင့်ပါရမီ | ၅၈၄ |
| (၃) ဇာတ်အခြေခံ မြန်မာစကားပုံများ | ၅၈၅ |
| (၄) ဇာတ်အခြေခံ မြန်မာဆိုရိုးများ | ၅၈၇ |
| (၅) ဒေဝဒတ်ပါဝင်သည့် ဇာတ်များ | ၅၈၈ |
| (၆) ဒေသအလိုက် ဇာတ်များ | ၅၉၀ |
| (၇) ဗာရာဏသီမှာ အခြားမင်းများ | ၅၉၁ |
| (၈) မင်း ဖြုပ္ပဒတ် | ၅၉၂ |
| (၉) ရာဟုလာ ပါဝင်သည့်ဇာတ်များ | ၅၉၅ |
| (၁၀) လူနှင့် အခြားသက်ရှိများ စကားပြောသည့် ဇာတ်များ | ၅၉၆ |
| (၁၁) အာနန္ဒာပါဝင်သည့် ဇာတ်များ | ၅၉၈ |
| ကိုးကားသော ကျမ်းများ | ၆၀၁ |